၄	ဦးမိုးဇော်အောင်	ဦးစိန်ဝင်း	၇/ကတခ(နိုင်)၀၂၆၁၁၉	၄၆	အဖွဲ့ဝင်	၀၉-၄၄၅၅၇၇၈၁၁	
၅	ဦးမျိုးနိုင်	ဦးကျော်ဒင်	၇/ကတခ(နိုင်) ၀၂၆၄၅၉	၄၇	အဖွဲ့ဝင်		
၆	ဦးသက်လွင်ဦး	ဦးကြည်လွင်	၇/ကတခ(နိုင်) ၀၉၆၀၇၂	၄၀	အဖွဲ့ဝင်	၀၉-၄၄၂၆၆၃၇၆၄	

ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အောင်မြင်ကျေးရွာအုပ်စု၊ ရွှေဝါကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဘဏ္ဍာရေးကော်မတီဝင်များစာရင်း

ရက်စွဲ- ၂၀၁၈ခုနှစ်၊ ဇွန်လ (၂၁)ရက်

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမိုးကျော်	ဦးကြီးစိန်	၇/ကတခ(နိုင်) ၀၉၆၂၄၄	၄၇	ဥက္ကဋ္ဌ	၀၉-၇၇၅၁၄၉၉၈	
၂	ဦးကျော်မြင့်	ဦးကိုကြီး	၇/ကတခ(နိုင်) ၀၆၄၇၄၄	၆၃	စာရင်းစစ်	၀၉-၇၈၀၃၄၂၅၀	
၃	ဦးရဲဝင်း	ဦးသိန်းလွင်	၇/ကတခ(နိုင်)၁၂၂၆၂၅	၄၅	အဖွဲ့ဝင်	၀၉-၉၆၉၂၅၆၁၉၃	
၄	ဦးသိန်းဖေ	ဦးဆန်း	၇/ကတခ(နိုင်) ၀၃၁၂၆၀	၆၃	အဖွဲ့ဝင်	-	
၅	ဦးမြသိန်း	ဦးသောမိတ	၇/ကတခ(နိုင်) ၀၆၅၃၅၁	၅၆	အဖွဲ့ဝင်	၀၉-၇၈၀၄၅၇၂၃	
၆	ဦးထွန်းကြည်	ဦးဝိစိန္ဒာ	၇/ကတခ(နိုင်) ၀၂၅၉၈၂	၅၇	အဖွဲ့ဝင်	-	
၇	ဦးတင်ဦး	ဦးထွန်းကြည်	၇/ကတခ(နိုင်)၀၆၄၇၈၅	၆၀	အဖွဲ့ဝင်	-	

ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အောင်မြင်ကျေးရွာအုပ်စု၊ ရွှေဝါကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

ရက်စွဲ- ၂၀၁၈ခုနှစ်၊ ဇွန်လ (၂၁)ရက်

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမိုးကျော်	ဦးကြီးစိန်	၇/ကတခ(နိုင်) ၀၉၆၂၄၄	၄၇	ဥက္ကဋ္ဌ	၀၉-၇၇၅၁၄၉၉၈	
၂	ဦးမြင့်ဇွေ	ဦးလှ	၇/ကတခ(နိုင်) ၀၇၀၀၀၅	၅၆	အတွင်းရေးမှူး	၀၉-၂၅၄၃၂၅၈၉၈	
၃	ဦးကြည်အေး	ဦးအောင်	၇/ကတခ(နိုင်) ၀၆၉၁၃၆	၆၃	ဘဏ္ဍာရေးမှူး	၀၉-၂၅၄၁၅၀၃၃၈	
၄	ဦးမြင့်အောင်	ဦးသာသန်	၇/ကတခ(နိုင်) ၁၄၆၅၂၉	၅၈	စာရင်းကိုင်	၀၉-၇၇၁၂၆၂၆၉၂	
၅	ဦးကျော်မြင့်	ဦးကိုကြီး	၇/ကတခ(နိုင်) ၀၆၄၇၄၄	၆၃	စာရင်းစစ်	၀၉-၇၈၀၃၄၂၇၅၀	
၆	ဦးရဲဝင်း	ဦးသိန်းလွင်	၇/ကတခ(နိုင်)၁၂၂၆၂၅	၄၅	အဖွဲ့ဝင်	၀၉-၉၆၉၂၅၆၁၉၃	
၇	ဦးသိန်းဖေ	ဦးဆန်း	၇/ကတခ(နိုင်) ၀၃၁၂၆၀	၆၃	အဖွဲ့ဝင်	-	
၈	ဦးမြသိန်း	ဦးသောမိတ	၇/ကတခ(နိုင်) ၀၆၅၃၅၁	၅၆	အဖွဲ့ဝင်	၀၉-၇၈၀၄၅၇၂၃၂	
၉	ဦးထွန်းကြည်	ဦးဝိစိန္ဒာ	၇/ကတခ(နိုင်) ၀၂၅၉၈၂	၅၇	အဖွဲ့ဝင်	-	
၁၀	ဦးတင်ဦး	ဦးထွန်းကြည်	၇/ကတခ(နိုင်)၀၆၄၇၈၅	၆၀	အဖွဲ့ဝင်	-	
၁၁	ဦးမိုးဇော်အောင်	ဦးစိန်ဝင်း	၇/ကတခ(နိုင်)၀၂၆၁၁၉	၄၆	အဖွဲ့ဝင်	၀၉-၄၄၅၅၇၇၈၁၁	
၁၂	ဦးမျိုးနိုင်	ဦးကျော်ဒင်	၇/ကတခ(နိုင်) ၀၂၆၄၅၉	၄၇	အဖွဲ့ဝင်		
၁၃	ဦးသက်လွင်ဦး	ဦးကြည်လွင်	၇/ကတခ(နိုင်) ၀၉၆၀၇၂	၄၀	အဖွဲ့ဝင်	၀၉-၄၄၂၆၆၃၇၆၄	

	တတ်မြောက်မှုမရှိခြင်း			ဆောင်ရွက်ပေးရန်	

ရှိခြင်း	သောလိုင်းကြိုးများ တပ်ဆင်ထားရှိမှု ကြောင့်လည်း ကောင်း				အားပြည့်ဝစွာရရှိ ရေးဆောင်ရွက်ရန်
ကဏ္ဍ - ကျန်းမာရေး					
ကျန်းမာရေး ဝန်ဆောင်မှု အပြည့်အဝ မရရှိခြင်း	ဆေးခန်းအဆောက် အဦမရှိခြင်းကြောင့် ဆေးဝါးများစနစ်တ ကျမသိုလှောင်နိုင် ခြင်း		ရန်ပုံငွေထည့်ဝင်နိုင်မှု အားနည်းခြင်း	ကျန်းမာရေးဌာနနှင့် ချိတ် ဆက်၍ ဆောင် ရွက်ရန်	ကျန်းမာရေးဆေး ပေးခန်းတည် ဆောက်ပေးရန်
ကဏ္ဍ - အခြေခံအဆောက်အဦ					
ကျေးရွာ ထိပ်တံတား များတည် ဆောက်ပေး ရန်	ကျေးရွာတွင်းလမ်း များပျက်စီးခြင်း၊ မြောင်းများစနစ်တ ကျမရှိသဖြင့် ရေဝပ်ပြီးရောဂါများ ဖြစ်ပေါ်နိုင်ခြင်း	ကျေးရွာလူထုမှလုပ် အားပါဝင်နိုင်ခြင်း		ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ကျေးရွာ ထိပ်တံတားများပြုပြင် ဆောင်ရွက်ရန်	ကျေးရွာထိပ်ရှိတံ တားများတည် ဆောက်ခြင်း
ကဏ္ဍ - ပညာရေး					
အလုပ်အ ကိုင်ရှားပါး ခြင်း	အလုပ်အကိုင်အခွင့် အလမ်းမရှိခြင်း၊ သက်မွေးပညာရပ် များကျွမ်းကျင်စွာ	သင်တန်းများဖွင့် လှစ်ပေးပါကတက် ကြွစွာပါဝင်နိုင်ခြင်း		ကျေးလက်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ အလုပ်အကိုင်အခွင့်အ လမ်းများတိုးပွားအောင်	အသက်မွေးဝမ်း ကျောင်းသင်တန်း များဖွင့်လှစ်ပေးရန်

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ - အခြေခံအဆောက်အဦ					
ကျေးရွာတွင်းလမ်းများပျက်စီးနေ ခြင်း	မြေသားလမ်းများဖြစ်ပြီးရေမြောင်းများစနစ်တကျမရှိသ ဖြင့် မိုးရာသီတွင် ရေတင်၍လမ်းများပျက်စီးရခြင်း	ကျေးရွာလူထုမှလုပ်အားပါဝင်နိုင်ခြင်း	ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်းနှင့်ရန်ပုံငွေမထည့်ဝင်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ကျေးရွာတွင်းလမ်းအား အဆင့်မြှင့် တင် ဆောင် ရွက်ရန်	ရွာတွင်းလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း
ကဏ္ဍ - လျှပ်စစ်					
လျှပ်စစ်ဓါတ်အားအပြည့်အဝမရ	နှစ်ကာလကြာမြင့်၍လည်းကောင်း၊အရည်အသွေးမပြည့်မီ		ရန်ပုံငွေထည့်ဝင်နိုင်မှုအားနည်းခြင်း	လျှပ်စစ်ဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်ရန်	လျှပ်စစ်မီးကြိုးများလဲလှယ်တပ်ဆင်ခြင်းနှင့်ဓါတ်

အလယ်တန်း နှင့်အထက်တန်းများရှိ ကျားမအရေအတွက်မှာ ခြားနားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူမှုဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာလည်း ကျားမတန်းတူ ရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု အလွန်အားနည်းပါသည်။ အခြားလူမှုရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု အသင့်အတင့်ရှိကြပါသည်။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်၏ လုပ်ငန်းများ

ကျေးရွာလူထု၏ ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းများကို အမှတ်ပေးစနစ်ဖြင့် ဦးစားပေးအစီအစဉ်များ ရွေးချယ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ နည်းပညာအကူအညီများရရှိရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ရွာလုံးကျွတ်အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံကိန်းလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းများဂဝံခင်းခြင်း	(၁)
၂	လျှပ်စစ်	ရွာတွင်းလျှပ်စစ်မီးကြိုးလဲလှယ်ခြင်း	(၂)
၃	ကျန်းမာရေး	ကျန်းမာရေးဆေးပေးခန်းအဆောက်အဦးတည်ဆောက်ခြင်း	(၃)
၄	အခြေခံအဆောက်အဦ	ကျေးရွာထိပ်တံတားတည်ဆောက်ခြင်း	(၄)
၅	ပညာရေး	အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ပေးခြင်း	(၅)
၆	စိုက်ပျိုးရေး	နည်းပညာပေးသင်တန်းများဖွင့်လှစ်ပေးရန်	(၆)
၇	အခြေခံအဆောက်အဦ	ကျန်ရှိသောကျေးရွာတွင်းလမ်းများအားတည်ဆောက်ခြင်း	(၇)

ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးလျှက်ရှိပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင်ကျေးလက်ကျန်းမာရေး ဆရာမရှိသော်လည်း ကျေးလက်ဆေးပေးခန်း အဆောက်အဦးမရှိပါ။ ရွာသူရွာသားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာရှိကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီရုံးတွင် ယာယီဖွင့်လှစ်ထားပါသည်။ ကျန်းမာရေးစောင့်ရှောင့်မှုကို ကျေးရွာနှင့် (၁)မိုင်ခွဲခန့်ကွာဝေးသော အောင်မြင်မြို့တိုက်နယ်ဆေးရုံမှ ရရှိနိုင်ပါသည်။ ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာသုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုနှုန်းနည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများ အတွက် အသုံးပြုရန် လွယ်ကူပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည်မြေမြင့်သောအပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်းခြင်း၊မုန်တိုင်းဘေးအန္တရာယ် တို့မှ ကင်းဝေးပါသည်။ ကျေးရွာတွင်စပါးနှင့်ပဲစိုက်ခင်းများတွင် သီးနှံဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးသုံးစွဲမှုများပြားလာခြင်း၊ ဓါတုမြေသြဇာသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဓါတုပိုသတ်ဆေးများကိုသာ အသုံးပြုမှုများပြားပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် ကျား-မဆိုင်ရာဆက်နွယ်မှုအနေထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုတွင် ကျား-မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊

စိုက်ပျိုးရေးနှင့်မွေးမြူရေး သမဝါယမအသင်းကိုဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမအသင်းစုချုပ်မှ ချေးယူရရှိနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ သွားလာရလွယ် ကူပြီး မိုးတွင်းကာလတွင် သွားလာရခက်ခဲပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေး အတွက် မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီနှင့် Truck ကား တို့ကို အသုံးပြုလျှက် ရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို (၂၀၀၈)ခုနှစ်မှ စ၍ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံးနီးပါး လျှပ်စစ်မီးသုံးစွဲလျှက်ရှိပြီး အိမ်ထောင်စုအနည်းငယ်သာလျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပါ။ လျှပ်စစ်မီးလင်းရေးအတွက် သွယ်တန်းထားသော ကြိုးများ၊ တိုင်များမှာ နှစ်ကာလကြာမြင့်ခြင်း၊ အရည်အသွေးမပြည့်မီသော ကြိုးများသုံးစွဲထားခြင်းကြောင့် မီးအားပြည့်ပြည့်ဝဝ မရရှိပါ။ လျှပ်စစ် မီးတိုင်နှင့် မီးကြိုးများလဲလှယ် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် လက်လှမ်းမီ အသုံးပြု နိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး စာအုပ်အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆရာမတစ်ဦးရှိသော်လည်း ကျေးလက် ဆေးပေးခန်းအဆောက်အဦးမရှိပါ။ ကျေးရွာတွင်ကျန်းမာရေးဆေးခန်းအဆောက်အဦးလိုအပ်လျှက် ရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အခြေခံပညာမူလွန်ကျောင်းရှိပါသည်။ (၄၀’ ×၆၀’) အရွယ်ရှိ သွပ်မိုး၊ အုတ် နံရံကာနှင့် တမံတလင်းခင်းကျင်းထားပါသည်။ အလယ်တန်းအဆောက်ကို(၄၀’ × ၈၀’) သွပ်မိုး၊ အုတ်နံရံအကာနှင့် မြေသားခင်းဖြစ်ပြီး နှစ်ကာလကာလကြာမြင့်ပြီဖြစ်၍ အုတ်နံရံများပြိုကျပျက်စီး ခြင်းနှင့် အမိုးများပေါက်ပြဲပျက်စီးယိုယွင်းနေပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏(၂)ရာခိုင်နှုန်းမှာ ဘုန်ကြီးကျောင်းပညာရေးကို ရရှိထားကြပါသည်။ မူလတန်း အောင်ရာခိုင်နှုန်းလည်း မြင့်မားပါသည်။ ကျောင်းတွင်ပရိဘောဂ လုံလောက်မှုရှိပြီး မူလတန်းပြဆရာ/ မ(၃)ဦးနှင့် အလယ်တန်းတွင်ဆရာ/မ (၃)ဦးတို့ရှိပါသည်။ မူလတန်းတွင်ကျောင်းသား/ သူဦးရေ(၂၀၂)ဦး၊ အလယ်တန်းတွင် ကျောင်းသား/သူဦးရေ(၁၃၈)ဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုမရှိပါ။ ကျေးရွာရှိ ကျောင်းသားမိဘများထံမှ ထောက်ပံ့ငွေဖြင့် ဆရာ/မငှါးရမ်း သင်ကြားပေးလျှက်ရှိပါသည်။

(ဂ) ငါးမွေးမြူရေး

ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုများ မရှိကြပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် ဆန်ကြိတ်စက်လုပ်ငန်းတစ်ခုမှအပ အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းအနည်းငယ်သာရှိပါသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ချေကိုက်မှု အသင့်အတင့်အနေအထားတွင် ရှိပါသည်။ ကျေးရွာတွင် စပါးနှင့် ပဲအဓိကစိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့် ရရှိကြပါသည်။ စပါးနှင့်ပဲရိတ်သိမ်းချိန်များတွင် လုပ်အားခကို ဧကအလိုက်သတ်မှတ်ကြပြီး စပါးရိတ်သိမ်းခမှာ တစ်ဧကလျှင် (၅၀၀၀၀)ကျပ်မှ (၅၅၀၀၀) ကျပ်အထိ။ မတ်ပဲ ရိတ်သိမ်းခမှာ တစ်ဧကလျှင် (၅၅၀၀၀)ကျပ်မှ (၆၀၀၀၀)ကျပ် အထိရှိပြီး အလုပ်သမား(၁၂)ဦးက တစ်ဧကကို တစ်ရက်အတွင်းပြီးစီးတနိုင်၍ တစ်နေ့ပျမ်းမျှလုပ်အားခ (၅၀၀၀)ကျပ်မှ (၅၅၀၀)ကျပ်အတွင်း ရရှိကြပါသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့်အလုပ် လုပ်ရက်ပေါင်း (၂၀)ရက်မှ(၂၅)ရက်ခန့် ရှိပါသည်။ လုပ်အားခရရှိမှုမှာ ကျားနှင့်မတန်းတူညီမျှ ရရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး လူ့အရင်းအမြစ် အလားလာကောင်းတစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အပ်ချုပ်၊ ဇာထိုး၊ပန်းထိုး၊ဆံပင်အလှပြင် ၊မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ကားမောင်း၊ဝပ်ရှော့ စသည့်သင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့်အတိုးနှုန်းပြား(၇၀)၊အများဆုံး(၁၀)ဧကအတွက်ငွေထုတ်ချေးပါသည်။ ကျေးရွာတွင် အေစီလီဒါ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ကျေးရွာသူကျေးရွာသား အနည်းစုသည် အဖွဲ့ဝင်အများအဖြစ် ပါဝင်နေကြပြီး တစ်နှစ်အတိုးနှုန်း(၁.၅)ကျပ်နှုန်းဖြင့် ချေးယူနိုင်ကြ ပါသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့ဝင် ချေးငွေကို (၆)လအထိ ချေးယူ နိုင်ကြပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကြပ်မှုများရှိပါသည်။ ကျေးရွာတွင်

အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြပါသည်။တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာလျော့နည်းပါသည်။ ဆင်းရဲ၊ ချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၀၄) အိမ်ထောင်စုသည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး၊ ချမ်းသာသော အိမ်ထောင်စု(၁၄)စု၊ အလယ် အလတ်ရှိသော အိမ်ထောင်စု(၆၁)စု၊ မပြေလည်သော အိမ်ထောင်စု (၂၁၈)စု တို့ဖြစ်ကြပါသည်။ ကျေးရွာသည် လယ်ယာမြေပိုင်ဆိုင်မှုလက်လှမ်းမီမှု၊ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု တို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်ပါသည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုအပြင် အခြား အိမ်ထောင်စုအချို့မှာ လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်နှင့် အသေးစားအိမ်တွင်းများလည်း ပါဝင်ဆောင်ရွက်ကြ ပါသည်။ ငွေချေးသော အိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် ပြေလည်ကြ ပါသည်။ကျေးရွာ၏အဓိကစိုက်ပျိုး သီးနှံသည်မိုးစပါး၊ မတ်ပဲ ဖြစ်၍ မိုးစပါးစိုက်ပျိုးမြေ(၉၇၆) ဧကရှိပြီး သီးထပ်အဖြစ် မတ်ပဲနှင့်ပဲတီစွေ့ဝါတို့ကို စိုက်ပျိုး ကြပါသည်။ မိုးစပါး ထွက်နှုန်းမှာ ပျမ်းမျှ(၅၅)တင်း၊ မတ်ပဲ(၉)တင်းနှင့် ပဲတီစွေ့ဝါ(၅)တင်း နှုန်းတို့ ထွက်ရှိပါသည်။

သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ပြင်ပသို့ထွက်၍ဝင်ငွေ ရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

(ခ) မွေးမြူရေး

ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စုအရေအတွက်မှာ တရွာလုံး၏ (၁၉)ရာခိုင်နှုန်းဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြပါသည်။ ဒေသကြက်မွေး မြူသည့် အိမ်ထောင်စုလည်းတရွာလုံး၏(၄၀)ရာခိုင်နှုန်းခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအား ရှိပါသည်။ ထုတ်ကုန်များ ရောင်းချရာတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်း မရှိပါ။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများ ကမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြပါ။ ရွာထဲရှိ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ရွှေဝါကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ အောင်မြင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များဖြစ်ကြပါသည်။ကျေးရွာသည်ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုကင်းလွတ်ပါသည်။ကျေးရွာ အနီးတွင် တော၊တောင်၊မြစ်၊ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။လယ်ယာ မြေများသည် စပါး၊ ပဲစိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းတို့အတွက် အဓိကအားထား ရာဖြစ်ပါသည်။ နှစ်စဉ် အောင်မြင်မြို့အနောက်ဘက်ခြမ်းတွင် ရေကြီး/ရေလွှမ်းဒဏ်ကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသော်လည်း ဤကျေးရွာမှာ ကင်းလွတ်ခဲ့ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ (၈၀-၁၀၀)ဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာတွင် လယ်မြေများရှိပြီး မြေဆီ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေအတွက် စိုက်ပျိုးရေကို သဘာဝမိုးရေဖြင့် အားထားစိုက်ပျိုးရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၉၇၆)ဧကနှင့် တောင်မြေ/ယာမြေ(၁၁)ဧကရှိပြီး စပါး၊ ပဲတီရွှေဝါနှင့် မတ်ပဲကို အဓိက စိုက်ပျိုးကြ ပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက် သံယံဇာတ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၈)ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်း ပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အရန်မီးသတ်နှင့် ကြက်ခြေနီအဖွဲ့တို့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက် လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းပါသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်း ပေးပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်း ဆိုင်ရာ သဘောတရား တို့နှင့်ပတ်သက်၍ အားနည်းကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စရပ်များတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် သာရေးနာရေး လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေး၊နာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော

ပါဝင်ခွင့်ရပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အား ဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိုတိုကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင်ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ် များကိုဖြစ်ပါသည်။

(ခ)နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော အချက်အလက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်ပါသည်။

မီဒီယာများ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်ပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းစေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်နိုင်ပါ မည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်း

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်


ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အံရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါ သည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အံရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သော အရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ရွှေဝါကျေးရွာအတွင်း အဖွဲ့အစည်းနှင့် ရွာအပြင် အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ



ကျေးရွာဌာနိသယ်ကော်ပြားပြေပုံ

အောင်မြင်အုပ်စု ကျေးရွာ



ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

၂၀၁၈ခုနှစ်၊နိုဝင်ဘာလ

ရွှေဝါကျေးရွာ

ကျောက်တံခါးမြို့နယ်

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၂ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ဂေါ့ဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစု စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့အပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဇယား ၁၁ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
ဇယား ၁၆ ကျောင်းတက်နှုန်း
ဇယား ၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၁၈ အဖြစ်များသောရောဂါများ
ဇယား ၁၉ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၂၀ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၂၁ သောက်သုံးရေရရှိနိုင်မှု
ဇယား ၂၂ အိမ်သာအမျိုးအစား
ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ
ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ
ဇယား ၂၅ ကျား-မ ရေးရာ

၇။ ပညာရေး

၈။ ကျန်းမာရေး

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး-

၁၀။ ကျား-မရေးရာ

၁၁။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်၏ လုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) -ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) -ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၃) -ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဝယ်ယူရေးကော်မတီ

နောက်ဆက်တွဲ(၄) -ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဘဏ္ဍာရေးကော်မတီ

၁၂။ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား ၃ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၄ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၅ ဥစ္စာနေအဆင့်အခြေအနေ

ဇယား ၆ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၇ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၈ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၉ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၁၀ ကုန်စည်နှင့်ဝန်ဆောင်မှုရောက်လက်လှမ်းမီမှု အခြေအနေ

မာတိကာ

မာတိကာ

စကားချီး

ရွှေဝါကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကျောက်တံခါးမြို့နယ်

ရွှေဝါကျေးရွာရာသီခွင်ပြပြက္ခဒိန်

ရွှေဝါကျေးရွာ Venn Diagram

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ တည်နေရာနှင့်ပထဝီဝင် အနေအထား

၃။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၅။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေး

(ဂ) ငါးမွေးမြူရေး

(ဃ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ